ရွာတန်းရှည်ကျေးရွာ

ဝါးကြီးအိုင်ကျေးရွာအုပ်စု

တောင်သာမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရွာတန်းရှည်ကျေးရွာ၊တောင်သာမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဩဂုတ် လ

# မာတိကာ


| | | |
|---|---|---|
| စကားချီး | | ၃ |
| ရွာတန်းရှည်ကျေးရွာ၊ ကျေးရွာသယံဇာတပြမြေပုံ၊တောင်သာမြို့နယ် | | ၄ |
| ၁။ | တည်နေရာနှင့်ပထဝီအနေအထား | ၅ |
| ၂။ | ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ | ၅ |
| ၃။ | ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ | ၆-၇ |
| ၄။ | စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ | ၇ |
| | (က) သီးနှံစိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၇ |
| | (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | ၇ |
| | (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၇-၈ |
| ၅။ | အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ | ၈ |
| | (က) သယ်ယူပို့ဆောင်ရေး | ၈ |
| | (ခ) ကျေးရွာမီးလင်းရေး | ၈ |
| | (ဂ) သတင်းနှင့်ဆက်သွယ်ရေး | ၈ |
| ၆။ | ပညာရေး | ၈-၉ |
| ၇။ | ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | ၉ |
| ၈။ | ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၉-၁၀ |
| ၉။ | ကျား-မ ရေးရာကိစ္စရပ်များ | ၁၀ |
| ၁၀။ | ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ | ၁၁ |
| နောက်ဆက်တွဲ | | |
| | နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | ၁၂ |
| | နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | ၁၃-၅၆ |
| | နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား | ၅၇-၆၀ |
| | နောက်ဆက်တွဲ(၄) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၁) | ၆၁-၆၃ |
| | နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၂) | ၆၄-၆၆ |
| | နောက်ဆက်တွဲ(၆) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၃) | ၆၇-၆၉ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈–၂၀၁၉ ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၂–၂၀၂၃ ခုဘဏ္ဍာရေးနှစ်အထိ(၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ပထမဦးဆုံး သောလူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့ တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်ကိန်းဂဏန်းနှင့် သတင်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည်ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများ၊ လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် ဦးစားပေးလုပ်ငန်းအစီအစဉ်တို့ပါဝင်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ရွာတန်းရှည်ကျေးရွာ ၊ တောင်သာမြို့နယ်

၂၀၁၉ ခုနှစ် ၊ ဩဂုတ်လ

၁. တောင်သာမြို့ဝါးကြီးအိုင်အုပ်စုရွာတန်းရှည်ကျေးရွာ၏သယံဇာတပြမြေပုံ



## ၁။ တည်နေရာနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ရွာတန်းရှည်ကျေးရွာသည်မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်တွင်ပါဝင်သော ကျေးရွာတစ်ရွာဖြစ်ပြီးတောင်သာမြို့၏ အရှေ့ဘက်(၁၆)မိုင်ခန့်တွင် တည်ရှိပါသည်။ ကျေးရွာ၏အရှေ့ဘက်တွင်မလှိုင်မြို့နယ်ဗွက်ငယ်ကျေးရွာ၊အနောက်ဘက်တွင်သန်းတန်းကျေးရွာ၊ အနောက်မြောက်ဘက်တွင်ရွှေစည်ကြီးကျေးရွာနှင့်တောင်ဘက်တွင်မလှိုင်မြို့နယ်ထနောင်းကိုင်းကျေးရွာတို့နှင့်နယ်နိမိတ်ချင်းထိစပ်လျှက်ရှိပါသည်။ ရွာတန်းရှည်ကျေးရွာ၏ အကျယ်အဝန်းမှာ (၁၈)ကေခန့်ကျယ်ဝန်းပြီးအနီးဆုံးမြို့မှာ တောင်သာမြို့ဖြစ်ပါသည်။ ရွာတန်းရှည်ကျေးရွာသည် တောင်သာ-မိတ္ထီလာလမ်းမှရုံးစည်ကြီးကျေးရွာထိ(၁၂)မိုင်ခန့်နှင့်ရုံးစည်ကြီးကျေးရွာမှရွာတန်းရှည်ကျေးရွာထိမြေသားလမ်း(၄)မိုင်ခန့်ရှိပါသည်။ တောင်သာ – မိတ္ထီလာလမ်းမှာကတ္တရာလမ်းဖြစ်၍ သွားလာမှုလွယ်ကူပြီး ရုံးစည်ကြီးကျေးရွာမှ ရွာတန်းရှည်ကျေးရွာထိလမ်းမှာ မြေသားလမ်းဖြစ်ခြင်းကြောင့် နွေရာသီနှင့်ပွင့်လင်းရာသီတွင်သွားလာမှုလွယ်ကူသော်လည်း မိုးရွာသွန်းသောအခါသွားလာမှုခက်ခဲပါသည်။ ထို့အပြင် တောင်သာ-ဇရပ်ကြီးကျေးလက်လမ်းမှလည်းကျေးရွာသို့သွား၍ရပါသည်။ အဆိုပါလမ်းသည်လည်း တောင်သာ-ဇရပ်ကြီးလမ်းမှာကျောက်ချောလမ်းဖြစ်၍ သွားလာမှုလွယ်ကူသော်လည်းကျေးရွာထိလမ်းမှာမြေသားလမ်းဖြစ်၍မိုးရာသီတွင်သွားလာမှုခက်ခဲပါသည်။ ရွာတန်းရှည်ကျေးရွာသည်စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သောကျေးရွာဖြစ်ပြီး ကျေးရွာပတ်ဝန်းကျင်ရှိယာမြေများမှာ မြေဆီမြေသြဇာသင့်တင့်ကောင်းမွန်သော ယာမြေများဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ရွာတန်းရှည်ကျေးရွာ၏ရာသီဥတုအနေအထားမှာသာမန်အားဖြင့် နွေရာသီတွင်အပူချိန် ၄၁ံ C ရှိတက်ပါသည်။ယခုနှစ်မိုးရာသီတွင်မိုးရွာသွန်းမှုနည်းပါးပါသည်။ စိုက်ပျိုးရေးအတွက်မိုးရွာသွန်းမှုကိုမှီခို၍စိုက်ပျိုးကြသည်။မိုးရွာသွန်းမှုနည်းပါးသောကြောင့်သီးနှံအထွက်နှုန်းကျဆင်းခြင်းများရှိသည်။ ယာမြေ(၃၂၄)ကေရှိပါသည်။ အဓိကစိုက်ပျိုးသီးနှံများမှာ နှမ်း၊ မြေပဲ ၊ဝါနှင့်ပြောင်းများဖြစ်ပါသည်။ ရွာတန်းရှည်ကျေးရွာတွင်သတ္တုနှင့် အခြားတွင်းထွက်များမထွက်ရှိပါ။ ကျေးရွာအနီးတွင် ကျောက်ကြမ်းများရှိပြီး ထုတ်ယူသုံးစွဲရန်လွယ်ကူပါသည်။ ဆေးဖက်ဝင်အပင်များဖြစ်သောဆင်တုံးမနွယ်ပင်များအတော်အသင့်ရှိပါသည်။၄င်းအပင်သည် နွားများအစားပျက်ပါကဆင်တုံးမနွယ်ပင်ကိုရေစိမ်၍တိုက်ပါကရောဂါပျောက်ကင်းစေသည်။အခြားသဘာဝတိရစ္ဆာန်မျိုးစိတ်များမရှိပါ။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင်နှမ်း၊မြေပဲ၊ဝါနှင့်ပြောင်းကို အဓိကစိုက်ပျိုးကြသည်။ သီးနှံများမှာမိုးရွာသွန်းမှုအပေါ်မှီခို၍စိုက်ပျိုးကြသည်။စိုက်ပျိုးရေးဦးစီးဌာနမှနည်းပညာဝန်ဆောင်မှုများရရှိနိုင်ကြသည်။ ကျေးရွာတွင်မွေးမြူရေးကဏ္ဍအနေဖြင့်လယ်ယာလုပ်ငန်းတွင် အသုံးပြုရန်အတွက်နွားကို အဓိကထားမွေးမြူကြသည်။တစ်ပိုင်တစ်နိုင်စီးပွားရေးအနေဖြင့် နို့စားနွား ၊ဆိတ်၊ ဝက်၊ ကြက်၊ ဘဲများကိုမွေးမြူကြသည်။ မွေးမြူရေးသီးသန့်မရှိပါ။ ကျေးရွာတွင်အလုပ်လုပ်နိုင်သောလူဦးရေအများအပြားရှိပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းများဖြစ်သော လက်သမား၊ပန်းရံလုပ်ငန်းလုပ်ကိုင်သူများရှိသည်။ ကျေးရွာတွင်မူလတန်းကျောင်း(၁)ကျောင်းရှိ၍ မူလတန်းပညာထိသာကျေးရွာတွင်သင်ယူနိုင်သည်။မူလတန်းကျောင်းတက်နှုန်းလည်းမြင့်မားပါသည်။မိဘဆရာအသင်းအခန်းကဏ္ဍလည်းအတော်အသင့် ကောင်းမွန်ပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိပါ။ အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာနှင့်(၂)မိုင်ခန့်ဝေးသော သန်းတန်းကျေးရွာကျေးလက်ကျန်းမာရေးဌာနခွဲတွင်လည်းကောင်း၊ အရေးပေါ်နှင့်ရောဂါကြီးများကို တောင်သာမြို့နယ်ဆေးရုံသို့သွားရောက်ကုသနိုင်ကြသည်။ ကျေးရွာတွင်ကိုယ်ပိုင်အဝီစိစက်ရေတွင်းစက်တက်(၁၃)တွင်း၊ အများပိုင်ရေတွင်း(၂)တွင်းရှိပါသည်။ ကိုယ်ပိုင်တွင်းများမှရေမှာငံ၍သုံးရေအဖြစ်သာသုံးစွဲ၍ရပါသည်။ ရေတွင်း(၁)တွင်းမှာလည်းရေငံသဖြင့် သုံးရေအဖြစ်လည်းကောင်း၊ကျန်ရေတွင်းမှာရေချိုသဖြင့်သောက်ရေအဖြစ်လည်းကောင်းသုံးစွဲကြသည်။ ရေတွင်းများမှာ နွေး၊ မိုး၊ ဆောင်းလုံလောက်မှုရှိပါသည်။ ရေအရည်အသွေးစစ်ဆေးခြင်းကိုမူစစ်ဆေးရခြင်းမရှိသေးပါ။ကျေးရွာတွင်ယင်လုံအိမ်သာသုံးစွဲမှုအနေဖြင့် ကျေးရွာအိမ်ထောင်စု(၇၆)စုမှာယင်လုံအိမ်သာသုံးစွဲမှုရှိပြီး ကျန်တစ်အိမ်မှာနီးစပ်ရာအိမ်များသို့ငှါးရမ်းအသုံးပြုပါသည်။ကျေးရွာသို့သွားသောလမ်းမှာတောင်သာ-မိတ္ထီလာလမ်း ရုံးစည်ကြီးကျေးရွာဘက်မှသွားသောလမ်းနှင့် တောင်သာ-ဇရပ်ကြီးလမ်းမှလည်းသွားလာ၍ရပါသည်။ တောင်သာ မှရုံးစည်ကြီးကျေးရွာထိလမ်းမှာကတ္တရာလမ်းဖြစ်ပြီးရုံးစည်ကြီးကျေးရွာမှ ကျေးရွာသို့သွားသောလမ်းမှာမြေသားလမ်းဖြစ်သဖြင့်မိုးရာသီသွားလာမှုခက်ခဲပါသည်။ ကျေးရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်ပြီးကျဉ်းမြောင်းပါသည်။ကျေးရွာတွင်လူမှုရေးကိုအခြေခံ၍ဖွဲ့စည်းထားသော ပရဟိတအဖွဲ့အစည်း(၁)ဖွဲ့နှင့် ဘာသာရေးကိုအခြေခံ၍ဖွဲ့စည်းထားသောဓမ္မာစကြာ်အဖွဲ့၊စုစုပေါင်း(၂)ဖွဲ့ရှိပါသည်။ ၎င်းအဖွဲ့သည်ကျေးရွာ၏သာရေး၊နာရေး၊ဖွံ့ဖြိုးရေးလုပ်ငန်းများကိုဆောင်ရွက်လျှက်ရှိပါသည်။ကျေးရွာမှာအဖွဲ့အစည်းအစည်းဆိုင်ရာသဘောတရားတို့နှင့်ပတ်သက်၍အားနည်းကြသည်။ ရွာတန်းရှည်ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုတွင်အုပ်ချုပ်ရေးမှူး၊ ရွာခွဲတာဝန်ခံနှင့်ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့်ပူးပေါင်းညှိနှိုင်း၍ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်စီမံဆောင်ရွက်စေခြင်း၊ ပညာရေးဆိုင်ရာလုပ်ငန်း

များတွင်စာသင်ကျောင်း၏ အကျိုးတော်ဆောင်ကော်မတီများဖွဲ့စည်း၍ စီမံဆောင်ရွက်စေခြင်း၊ သာရေး၊ နာရေးလုပ်ငန်းများတွင် သုံးစွဲနိုင်ရန်အတွက် ကျေးရွာပိုင်ပစ္စည်းများထိန်းသိမ်းခြင်း၊ ကျေးရွာရန်ပုံငွေရှာဖွေခြင်းများလုပ်ဆောင်နိုင်ရန်အတွက်ကျေးရွာဖွံ့ဖြိုးရေးကော်မတီများဖွဲ့စည်း၍ စီမံခန့်ခွဲစေခြင်း၊ လူငယ်အဖွဲ့များ၊ အမျိုးသမီးအဖွဲ့များမှစီမံခန့်ခွဲဆောင်ရွက်စေခြင်း စသောဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုများတွင် အဖွဲ့အစည်းအလိုက်တာဝန်ပေးအပ်၍ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

## ၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) **သီးနှံစိုက်ပျိုးရေး။** ။ကျေးရွာတွင် နှမ်း၊ မြေပဲ၊ ဝါ နှင့်ပြောင်းကိုအဓိကစိုက်ပျိုးကြသည်။သီးနှံများမှာမိုးရွာသွန်းမှုအပေါ်မှီခို၍ စိုက်ပျိုးကြသည်။ စိုက်ပျိုးရေးဦးစီးဌာနမှနည်းပညာဝန်ဆောင်မှုများရရှိနိုင်ကြသည်။စိုက်ပျိုးမြေအရည်အသွေးသင့်တင့်ကောင်းမွန်သော်လည်း မိုးရွာသွန်းမှုနည်းပါးသောကြောင့် သီးနှံအထွက်နှုန်းနည်းခြင်း၊ သီးနှံဆုံးရှုံးခြင်းများရှိသည်။ လယ်ယာလုပ်ငန်းကိုအဓိကထားစိုက်ပျိုးသည့်ကျေးရွာဖြစ်သည့်အတွက် စိုက်ပျိုးသီးနှံများအထက်နှုန်းတိုးရန် စိုက်ပျိုးရေးနည်းပညာသင်တန်းများဖွင့်လှစ်ပေးရန်လိုအပ်သည်။

(ခ) **မွေးမြူရေးလုပ်ငန်း။** ။ကျေးရွာတွင် မွေးမြူရေးကဏ္ဍအနေဖြင့်လယ်ယာလုပ်ငန်းတွင်အသုံးပြုရန်အတွက် နွားကိုအဓိကထားမွေးမြူကြသည်။ တစ်ပိုင်တစ်နိုင် စီးပွားရေးအနေဖြင့် နို့စားနွား၊ ဆိတ်၊ ဝက် ၊ကြက်၊ ဘဲများကို မွေးမြူကြသည်။မွေးမြူရေးသီးသန့်မရှိပါ။ မွေးမြူရေးကဏ္ဍကိုစီးပွားဖြစ်မွေးမြူနိုင်ပါကစီးပွားရေးပိုမိုအဆင်ပြေလာနိုင်သည်။တိရစ္ဆာန်များမှာရာသီအလိုက်ဖြစ်တက်သောရောဂါများကြောင့်လည်းသေဆုံးမှုများရှိတက်သည်။ သို့ဖြစ်ပါ၍တိရစ္ဆာန်ကာကွယ်ဆေးပုံမှန်ထိုးပေးရန်လိုအပ်ပါသည်။

(ဂ) **စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ။** ။စိုက်ပျိုးမွေးမြူရေးမရှိသောသူအများစုမှာ တောင်သူနေ့စား၊ ဈေးရောင်းနှင့် ပန်းရံလုပ်ငန်းများလုပ်ကိုင်ကြသည်။ကျေးရွာတွင်လျှပ်စစ်မီးမရှိသဖြင့်အခြားအိမ်တွင်းမှုလုပ်ငန်းများလည်းမရှိပါ။ ဆောက်လုပ်ရေးလုပ်ငန်းများတွင် လုပ်ကိုင်နေကြသော်လည်းကျွမ်းကျင်မှုအားနည်းကြသည်။

(ဃ) **ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု။** ။ရွာတန်းရှည်ကျေးရွာရှိတောင်သူအချို့မှာ စိုက်ဘဏ်၊ သမချေးငွေနှင့် Pact Myanmar တို့မှချေးငွေရရှိကြသည်။

စိုက်စရိတ်ချေးငွေမလုံလောက်ခြင်းနှင့်ထုတ်ချေးသည့်အချိန်နှင့်သီးနှံစိုက်ပျိုးသည့် အချိန်မကိုက်ညီခြင်းစသည့်အခက်အခဲများရှိသည်။

## ၅။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(က) **ကျေးလက်သယ်ယူပို့ဆောင်ရေး။** ။ရွာတန်းရှည်ကျေးရွာတွင်သယ်ယူပို့ဆောင်ရေး အတွက်မော်တော်ဆိုင်ကယ်နှင့် ကားများကိုအသုံးပြုကြပြီး လယ်တောထုတ်ကုန် များကိုမူနွားလှည်းများဖြင့်သယ်ယူကြသည်။ကျေးရွာသို့သွားသောလမ်းမှာရုံးစည်ကြီး ကျေးရွာဘက်မှသွားသောလမ်းနှင့်ဇရပ်ကြီးကျေးရွာဘက်မှသွားသောလမ်း(၂)လမ်း ရှိပါသည်။ ရုံးစည်ကြီးကျေးရွာဘက်မှ သွားသောလမ်းမှာ ရုံးစည်ကြီးကျေးရွာထိ ကတ္တရာလမ်းဖြစ်၍သွားလာမှုလွယ်ကူသော်လည်းကျေးရွာထိလမ်းမှာမြေသားလမ်း ဖြစ်သဖြင့် မိုးရာသီတွင်သွားလာမှုခက်ခဲပါသည်။ ဇရပ်ကြီးကျေးရွာမှသွားသော လမ်းမှာဇရပ်ကြီးကျေးရွာထိ ကျေးလက်ကျောက်ချောလမ်းဖြစ်၍ သွားလာမှု လွယ်ကူပြီး ကျေးရွာထိလမ်းမှာမြေသားလမ်းဖြစ်၍ မိုးရာသီမှာ သွားလာမှုခက်ခဲပါ သည်။ ကျေးရွာတွင်းလမ်းများမှာ ကျဉ်းမြောင်းခြင်း၊ မြေသားလမ်းများဖြစ်ခြင်း ကြောင့် ကန်ကာခင်းပေးရန်လိုအပ်ပါသည်။

(ခ) **ကျေးရွာမီးလင်းရေး။** ။ရွာတန်းရှည်ကျေးရွာလျှပ်စစ်မီးရရှိခြင်း မရှိသေးပါ။ အိမ်ထောင်စု (၇၇)စုရှိပြီး ကျေးရွာ၏အိမ်ထောင်စု (၆၅)စုမှာဆိုလာမီးဖြင့်လည်း ကောင်း၊အိမ်ထောင်စု(၁၂)စုမှာ အခြားနည်းဖြင့်လည်းကောင်း မီးလင်းရေးကိုသုံးစွဲ လျှက်ရှိပါသည်။ကျေးရွာမှာ စီးပွားရေးပြေလည်မှုနည်းပါး၍ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးသွယ်တန်းနိုင်ခြင်းမရှိပါသဖြင် လျှပ်စစ်မီးလင်းရေးဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

(ဂ) **သတင်းနှင့်ဆက်သွယ်ရေး။** ။ရွာတန်းရှည်ကျေးရွာတွင်ဖုန်းတိုင်များဆက်သွယ် ရေးဆိုင်ရာအဆောက်အဦးများမရှိပါ။ကျေးရွာမှာမြို့နှင့်ဝေးကွာခြင်းဆက်သွယ်ရေး တာဝါတိုင်များမရှိခြင်းကြောင့် ဆက်သွယ်ရေးအနည်းငယ်ခက်ခဲသည်။

## ၆။ ပညာရေး

ကျေးရွာတွင် မူလတန်းကျောင်း(၁)ကျောင်းရှိ၍ မူလတန်းပညာထိသာကျေးရွာတွင်သာ သင်ယူနိုင်ပါသည်။ မူလတန်းကျောင်းတက်နှုန်းလည်းမြင့်မားပါသည်။ ကျောင်းဆောင်(၂)ဆောင် ရှိပြီး ကျောင်းဆောင်တစ်ဆောင်မှာအလှူရှင်မှလှူဒါန်းထား၍ ကောင်းမွန်သော်လည်း ကျန်ကျောင်း

ဆောင်(၁)ဆောင်မှာကောင်းမွန်မှုမရှိ၍ ကျောင်းသား၊ကျောင်းသူများ ပညာသင်ကြားရာတွင် အခက်အခဲရှိပါသည်။ ကျောင်းသုံးပရိဘောဂများလည်း လုံလောက်မှုမရှိပေ။ မသန်စွမ်းသူများ အတွက် ပညာရေးအထူးအစီအစဉ်လည်းမရှိပေ။ အလယ်တန်းနှင့်အထက်တန်းပညာကို ကျေးရွာ နှင့်(၂)မိုင်ခန့်ဝေးသော ရွှေစည်ကြီးကျေးရွာအထက်တန်းကျောင်းသို့ သွားရောက်ပညာသင်ကြား ရသည်။အလယ်တန်း၊ အထက်တန်းနှင့်တက္ကသိုယ်သို့ တက်ရောက်နိုင်ရန်အတွက်ငွေကြေးအခက် အခဲများကြောင့်တက်ရောက်နိုင်သူနည်းပါးပါသည်။ ကျောင်းဝန်းလုံခြုံရေးအတွက်လည်းအုတ်တံ တိုင်းကာရံပေးရန်လိုအပ်ပါသည်။

## ၇။ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိပါ။ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ကျေးရွာနှင့်(၂)မိုင်ခန့်ဝေးသောသန်းတန်းကျေးရွာကျန်းမာရေးဌာနခွဲသို့သွားရောက်ကုသရသည်။ အရေးပေါ်နှင့်ရောဂါကြီးများကို ရုံးစည်ကြီးတိုက်နယ်ဆေးရုံနှင့် တောင်သာမြို့နယ်ဆေးရုံသို့ သွားရောက်ကုသကြသည်။ ကျေးရွာသည် တောင်သာမြို့နယ်၏အစွန်ဆုံးကျေးရွာဖြစ်ခြင်း၊မြို့နှင့် ဝေးကွာခြင်းတို့ကြောင့် ကျေးရွာပြည်သူများနှင့် အသက်အရွယ်ကြီးရင့်သူများ၏ ကျန်းမာရေး အခက်အခဲရှိသဖြင့် ကျေးလက်ကျန်းမာရေးဆေးပေးခန်းဆောက်လုပ်ပေးရန်နှင့် လူမှုကူညီရေး ကားလိုအပ်ပါသည်။ကျေးရွာတွင် ကိုယ်ပိုင်အဝီစိစက်တပ်(၁၃)တွင်း ၊ အများသုံးရေတွင်း(၂)တွင်း ရှိပါသည်။အများသုံးရေတွင်း(၁)တွင်းမှာရေငံထွက်ရှိ၍ ကျန်ရေတွင်း(၁)တွင်းမှာ ရေချိုထွက်ရှိပါ သည်။ ကိုယ်ပိုင်တွင်းများမှာ ရေငံ၍သုံးရေအဖြစ်သာသုံးစွဲကြပြီး ရေတွင်း(၁)တွင်းမှရေကိုသာ သောက်ရေအဖြစ်သုံးစွဲကြသည်။ရေတွင်းများမှာရေအရည်အသွေးစစ်ဆေးထားခြင်းမရှိသော်လည်း ရေတွင်း(၁)တွင်းမှာ ရေချိုထွက်ရှိ၍ နွေ၊မိုး၊ဆောင်း လုံလောက်မှုရှိပါသည်။ သို့သော်ရေတွင်းမှာ ကျေးရွာနှင့်အနည်းငယ်ဝေးခြင်း၊မြေနိမ့်ပိုင်းတွင်ရှိခြင်းကြောင့် ရေခပ်ယူရာတွင် အခက်အခဲများ ရှိသဖြင့်အိမ်တိုင်ရာရောက်ရေပိုက်လိုင်းသွယ်တန်းပေးရန်လိုအပ်ပါသည်။ယင်လုံအိမ်သာသုံးစွဲမှု အနေဖြင့်ယင်လုံအိမ်သာသုံးစွဲသူ အိမ်ထောင်စု(၇၆)စု၊ အိမ်သာမရှိသူ(၁)စုရှိ၍ ကျန်းမာရေးဗဟု သုတများရှိကြောင်းတွေ့ရပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ရွာတန်းရှည်ကျေးရွာရှိစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်ခြင်းကြောင့်ပိုးသတ်ဆေး နှင့် ဓာတုမြေဩဇာများသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့်ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစားဓါတုပိုးသတ်ဆေးများကိုသာအသုံးပြုမှု

များပြားသည့်။စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်းပလက်စတစ်အိတ်၊ ပုလင်းခွံ၊ ဗူးခွံများကိုစနစ်တကျမစွန့်ပစ်ကျသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများမြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ ကျေးရွာတွင်အပူချိန်မြင့်မား၍မိုးခေါင်ခြင်းတို့ကြောင့် စိုက်ပျိုးရေရှားပါးမှုနှင့်ကြုံတွေ့ရပြီး လေပြင်းများတိုက်ခတ်ခြင်း၊မိုးသီးများကြွေကျခြင်း၊မိုးသည်းထန်စွာရွာသွန်းနိုင်ခြင်းတို့ကြောင့်လူနေအိမ်များပျက်စီးနိုင်ခြင်း၊ စိုက်ပျိုးသီးနှံများဆုံးရှုံးနိုင်ခြင်းစသော ဘေးအန္တရာယ်များလည်းဖြစ်ပေါ်လာနိုင်ပါသည်။ သို့ပါ၍ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားသင့်ပါသည်။

## ၉။ ကျား–မ ရေးရာကိစ္စရပ်များ

ရွာတန်းရှည်ကျေးရွာတွင်ကျား–မရေးရာကိစ္စဆိုင်ရာ အနေအထားမှာလွတ်လပ်မှုရှိသည်။ ကျား – မ ရေးရာဆိုင်ရာတာဝန်ယူမှုအပိုင်းတွင်မူ ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရကောင်းစွာသတ်မှတ်ထားမှုမရှိ၍ ဆောင်ရွက်နိုင်မှုအားနည်းကြသည်။ ကျေးရွာတွင်ကျားနှင့်မအကြားပြင်းထန်သောအိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။ ကျေးရွာတွင်အမျိုးသား၊ အမျိုးသမီးများသည်သာမန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင်အခွင့်အရေးတူညီစွာရရှိသည်ဟုယေဘုယျပြောနိုင်ပါသည်။

ရွာတန်းရှည်ကျေးရွာတွင် ဓမ္မာစကြာအဖွဲ့(၁)ဖွဲ့ရှိပြီးနှစ်စဉ်ဝါတွင်းကာလ လပြည့် လကွယ်နေ့များတွင် သံဃာဆွမ်းလောင်းခြင်း၊ ဓမ္မာစကြာရွတ်ဖတ်ပူဇော်ခြင်း ၊ ပဋ္ဌာန်းဒေသနာများရွတ်ဆိုပူဇော်ကြပါသည်။ နတ်တော်လတွင် ကျေးရွာဘုရားပွဲရှိ၍ ဆွမ်းလောင်းလှူကြသည်။ကျေးရွာရှိပညာရေး၊ ကျန်းမာရေးလုပ်ငန်းများတွင် အမျိုးသားများနှင့်တန်းတူရင်ဘောင်တန်း၍ပူးပေါင်းဆောင်ရွက်ကြပါသည်။

စိုက်ပျိုးရေးတွင်လုပ်ကိုင်ကြသောအမျိုးသားများ၏ ပျှမ်းမျှတစ်ရက်အများဆုံးလုပ်အားခမှာ (၅၀၀၀ိ/–) ကျပ်နှင့် အမျိုးသမီးများအတွက်လုပ်အားခ(၄၀၀၀ိ/–)ရရှိပြီး အမျိုးသားများအတွက်အနည်းဆုံးလုပ်အားခ (၄၀၀၀ိ/–) နှင့်အမျိုးသမီးများအတွက် (၃၀၀၀ိ/–)ရရှိပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းများတွင်ကျွမ်းကျင်သောလက်သမား၊ပန်းရံလုပ်သားများအတွက်လုပ်အားခ(၈၀၀၀ိ/–) ရရှိပြီးနောက်လိုက်လုပ်သားအတွက်လုပ်အားခ(၅၀၀၀ိ/–)နှင့် အမျိုးသမီးများအတွက်လုပ်အားခ (၄၀၀၀ိ/–ရရှိပါသည်။ နေ့တွက်လုပ်အားခများတွင်အမျိုးသားများကအမျိုးသမီးများထက်လုပ်အားခပိုမိုရရှိကြသည်။

## ၅. ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စီမံချက်အမည် | ဦးစားပေး အဆင့် | စီမံချက်အမည် | ဦးစားပေး အဆင့် |
|---|---|---|---|
| အိမ်တိုင်ရာရောက်ရေပိုက်လိုင်းသွယ်တန်းလိုခြင်း | ၁ | ကျန်းမာရေးဆေးပေးခန်းဆောက်လုပ်လိုခြင်း | ၅ |
| လျှပ်စစ်မီးလင်းရေးဆောင်ရွက်ပေးစေလိုခြင်း | ၂ | ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ပေးစေလိုခြင်း | ၆ |
| လူမှုကူညီရေးကားဝယ်ယူလိုခြင်း | ၃ | အ.မ.က ကျောင်းဝန်း အုတ်တံတိုင်းကာရံပေးစေ လိုခြင်း | ၇ |
| ရွာတွင်းလမ်း ကန်ကာခင်းပေးစေလိုခြင်း | ၄ | စိုက်ပျိုးရေးနည်းပညာသင်တန်းများဖွင့်လှစ်ပေးစေ လိုခြင်း | ၈ |

နောက်ဆက်တွဲ (၁)

## ဝါးကြီးအိုင်ကျေးရွာ ၊ ရွာတန်းရှည်ကျေးရွာအုပ်စု၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးလှမြိုင် | ဦးတင်မြ | ၉/တသန(နိုင်) ၁၈၂၈၁၀ | ၆၀ | ဥက္ကဋ္ဌ | ၀၉-၇၆၆၅၉၅၇၄၅ |
| ၂ | ဦးရွှေလုံး | ဦးချစ်ဟန် | ၉/တသန(နိုင်) ၁၁၀၇၂၈ | ၄၅ | အတွင်းရေးမှူး | ၀၉-၂၅၆၅၉၄၂၃၈ |
| ၃ | ဦးကျော်ဖြိုးလင်း | ဦးထွန်းအောင်ကျော် | ၉/တသန(နိုင်) ၁၃၈၁၇၉ | ၃၃ | ဘဏ္ဍာရေးမှူး | ၀၉-၇၆၆၄၈၇၈၂၆ |
| ၄ | ဦးခင်မောင်စန်း | ဦးဆန်းအောင် | ၉/တသန(နိုင်) ၁၃၅၄၃၁ | ၃၆ | စာရင်းကိုင် | ၀၉-၇၇၈၉၁၁၅၄၆ |
| ၅ | ဦးနိုင်လင်း | ဦးအောင်ရင် | ၉/တသန(နိုင်) ၁၉၀၀၅၇ | ၂၃ | သော့ကိုင်(၁) | ၀၉-၉၇၂၆၂၁၁၈၀ |
| ၆ | ဦးဝင်းနိုင် | ဦးလော | ၉/တသန(နိုင်) ၀၁၆၄၄၅ | ၅၀ | သော့ကိုင်(၂) | - |
| ၇ | ဦးကျော်ရွှေ | ဦးညွန့်သောင် | ၉/တသန(နိုင်) | ၃၇ | အဖွဲ့ဝင် | ၀၉-၂၅၇၂၉၈၈၄၁ |
| ၈ | ဒေါ်မြင့်ကြည် | ဦးဆန်းအောင် | ၉/တသန(နိုင်) | ၄၂ | အဖွဲ့ဝင် | ၀၉-၇၇၈၄၆၁၃၄၀ |
| ၉ | ဒေါ်တင်အုန်း | ဦးညွန့်တင် | ၉/တသန(နိုင်) ၁၁၀၇၃၅ | ၄၂ | အဖွဲ့ဝင် | ၀၉-၄၄၁၂၄၄၉၂၅ |

နောက်ဆက်တွဲ (၂)

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁ | ၁၁ | ၁၂ |
| ၁ နှစ်မှ ၄ နှစ် | ၅နှစ်အောက်ကလေးငယ် | ၁၇ | ၉ | ၂၆ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၈ | ၂၀ | ၃၈ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၃ | ၁၇ | ၃၀ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၂၅ | ၁၃၁ | ၂၅၆ |
| ၆၅ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၆ | ၈ | ၁၄ |
| **စုစုပေါင်း** | | ၁၈၀ | ၁၉၆ | ၃၇၆ |
| **စုစုပေါင်း အိမ်ထောင်စု** | | ၇၇ | | |

ရင်းမြစ်…(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂)ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ရွာတန်းရှည်ကျေးရွာတွင်အိမ်ထောင်စုပေါင်း (၇၇)အုပ်စုရှိ၍လူဦးရေမှာ ကျား (၁၈၀)ဦးနှင့်မ(၁၉၆)ဦး၊စုစုပေါင်း(၃၇၆)ဦးရှိပါသည်။တစ်အိမ်ထောင်ပျှမ်းမျှလူဦးရေမှာ(၄.၉) ဖြစ်သဖြင့်နိုင်ငံတကာလူဦးရေနှင့်ယှဉ်လျှင် ဖွံ့ဖြိုးမှုသင့်တင့်ပါသည်။ ရွာတန်းရှည်ကျေးရွာတွင် အလုပ်လုပ်နိုင်သည့်အရွယ်သည် စုစုပေါင်းလူဦးရေ၏ (၆၈.၀၉)%ဖြစ်သဖြင့် အလုပ်လုပ်နိုင်သော လူဦးရေများပြားပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်များမှာ ပြည်တွင်း၊ ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်နေကြသူများလည်းပါဝင်ပါသည်။

**(ခ)အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄၂ | ၁၁၂ | | မြင့် ☐လတ်☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂၂ | ၄၇ | | မြင့် ☐လတ်☑နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၃ | | မြင့် ☐လတ်☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၈ | ၄၁ | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☑နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | ၁ | | မြင့် ☐လတ်☑နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၄ | | မြင့် ☐လတ်☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၇ | | မြင့် ☐လတ်☑နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့်ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် □လတ်□နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် □လတ်□နိမ့် □ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် □လတ်□နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် □လတ်□နိမ့် □ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် □လတ်□နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် □လတ်□နိမ့် □ |
| ၁၇ | ပညာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် □လတ်□နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | ၂ | | မြင့် □လတ်☑နိမ့် □ |
| ၁၈ | ကျန်းမာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | | မြင့် □လတ်☑နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် □လတ်□နိမ့် □ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် □လတ်□နိမ့် □ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် □လတ်□နိမ့် □ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | **စုစုပေါင်း** | | | | ☒ |

ရင်းမြစ်...(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။ ။'အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ'အရေအတွက်တွင် ' မိသားစုဝင်လုပ်အား ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ ' ရပ်တည်နိုင်မှု(နိမ့်၊လတ် ၊ မြင့်)' ဆိုသည်မှာ ဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ(သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်း အဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုဝင်ငွေစသည့် အခြေအနေကိုဆိုလိုပါသည်။ ဥပမာ - ' စိုက်ပျိုးရေးကဏ္ဍ '၏ ' ကိုယ်ပိုင်လုပ်ငန်း' တွင် ရပ်တည်နိုင်မှု' မြင့်'ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်း များနေသည် ဝင်ငွေ ကောင်းနေသည်ဟု ဆိုလိုပါသည်။**

လေ့လာတွေ့ရှိချက်။ ။ရွာတန်းရှည်ကျေးရွာ၏ အဓိကအလုပ်အကိုင်မှာ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းဖြစ်သည်။ အိမ်ထောင်စု စုစုပေါင်း၏(၅၄.၅%)မှာ လယ်ယာကိုယ်ပိုင်လုပ်ကိုင်သူများဖြစ်သည်။ လယ်ယာထွက်ကုန်များမှာ မိုးရွာသွန်းမှုနည်းပါး၍ သီးနှံများအထွက်နှုန်းနည်းခြင်း ၊ ဈေးနှုန်းကျဆင်းခြင်းကြောင့် စီးပွားရေးပြေလည်မှုနည်းပါးကြသည်။ အိမ်ထောင်စု(၃၇.၇%)မှ လူငယ်လူရွယ်များသည် ဒေသတွင်းအလုပ်အကိုင်ရှားပါးသောကြောင့် အခြားဒေသများသို့ သွားရောက်အလုပ်လုပ် ကိုင်ကြသည်။ ဆောက်လုပ်ရေး၊ ပန်းရံလုပ်ငန်း၊အရောင်းအဝယ်နှင့် ဝန်ထမ်းများလည်း အနည်းငယ်ရှိသည်။

(၁-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား(၃)လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၈၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁)လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂)နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ရွာတန်းရှည်ကျေးရွာတွင်လယ်ယာလုပ်ငန်းကိုအဓိကထားလုပ်ကိုင်ကြပါသည်။ ကျေးရွာအတွင်းတွင်လုပ်ခလစာများအနေဖြင့် လယ်ယာလုပ်ငန်းများတွင်အမျိုးသားများအတွက် အများဆုံးလုပ်အားခ(၅၀၀၀ဝိ/-)နှင့် အမျိုးသမီးများအတွက်လုပ်အားခ(၄၀၀၀ဝိ/) ရရှိ ပြီး အမျိုသားများအတွက် အနည်းဆုံးလုပ်အားခမှာလည်း(၄၀၀ဝိ/-)နှင့် အမျိုးသမီးများအတွက် လုပ်အားခ(၃၀၀ဝိ/-)ရရှိပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းများတွင်ကျွမ်းကျင်သောပန်းရံလုပ်သားအတွက် (၈၀၀ဝိ/-)ကျပ်ရရှိပြီးကျွမ်းကျင်မှုအပေါ်မူတည်၍လုပ်အားခကွာဟချက်များမှာ(၂၀၀ဝိ/-) ကျပ်အထိ ရှိပါသည်။ နေ့တွက်လုပ်အားခများတွင်အမျိုးသားများကပိုမိုရရှိကြပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေရေိယာ**

**ဇယား(၄)ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၃၂၄ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၃၂၄ | ☒ |

ရင်းမြစ်...(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂)ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃)လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊(၄)ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုး ကြောင့်စွန့်လွှတ်ထားသည့်သီးစားခံယူ လုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး(သို့)မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ရွာတန်းရှည်ကျေးရွာတွင်ယာမြေဧက(၃၂၄)ဧကဖြစ်ပြီးမိုးရွာသွန်းမှုအပေါ်မှီခို၍စိုက်ပျိုးကြသည်။

(ဂ-၂) ခါတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ခါတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ခါတ်ငွေ့၊ ရေနံ၊ကျောက်မျက်စသည်။) | များ☐ သင့်☐ နည်း☐မရှိ☑ | လွယ်☐ခက်☐အသုံးမပြုနိုင်ပါ☑ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ☐ သင့်☑ နည်း☐ မရှိ☐ | လွယ်☐ခက်☑အသုံးမပြုနိုင်ပါ☐ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ☐ သင့်☑ နည်း☐ မရှိ☐ | လွယ်☐ခက်☐အသုံးမပြုနိုင်ပါ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့်☐ နည်း☐ မရှိ☐ | ☒ |

ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ရွာတန်းရှည်ကျေးရွာအနီးတွင် ကျောက်ကြမ်းများရှိပြီးထုတ်ယူသုံးစွဲရန် လွယ်ကူပါသည်။ဆေးဘက်ဝင်အပင်ဖြစ်သောဆင်တုံးမနွယ်ပင်များအတော်အသင့်ရှိပြီးနွားများ အစား ပျက်ပါကငှင်းဆေးပင်ကိုရေစိမ်တိုက်ပါကရောဂါများပျောက်ကင်းစေသည်။အခြားသဘာဝ တိရစ္ဆာန်မျိုးစိတ်များမရှိပါ။

(ဃ)ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၆ ကေအထက် | ၂ ကေနှင့် ၆ ကေ ကြား | ၂ ကေ နှင့် ၁ကေ ကြား | - |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ် ရှိသော အိမ်ထောင်စု | မပြေလည် သော အိမ်ထောင်စု | အလွန်မပြေလည် သော အိမ်ထောင်စု |
| အိမ်အခြေအနေ | နံကပ် ၊ သွပ်မိုး ထရံကာ(၂)ထပ် | သွပ်မိုး၊ထရံကာ (၁)ထပ် | ထရံကာ၊သွပ်မိုး | ထန်းရွက်မိုး/ ထန်းရွက်ကာ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | ကား၊ဆိုင်ကယ်၊ နွားလှည်း၊ဖုန်း | ဆိုင်ကယ် ၊ နွားလှည်း၊ဖုန်း | ဆိုင်ကယ်၊ ဖုန်း | တူ၊သံလက်၊ တံဇဉ်၊ ဓါး |
| အဓိကစီးပွားရေး လုပ်ငန်း | စိုက်ပျိုးရေး၊ မွေးမြူရေး | စိုက်ပျိုးရေး | လက်သမား၊ ပန်းရံနေ့စား | ကျပန်း |
| **အိမ်ထောင်စု** | ၅ | ၁၉ | ၅၀ | ၃ |

ရင်းမြစ်…(၁)ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။
လေ့လာတွေ့ရှိချက်။ ။ရွာတန်းရှည်ကျေးရွာတွင်စုစုပေါင်းအိမ်ထောင်စု၏(၆၅%)မှာမပြေလည်သောအိမ်ထောင်စုများဖြစ်သည်။ အဆင်ပြေသောအိမ်ထောင်စုနှင့် အလယ်အလတ်ရှိသောအိမ်ထောင်စုမှာ (၂၄)စုရှိပြီး အလွန်မပြေလည်သောအိမ်ထောင်စုမှာ(၃)စုဖြစ်၍ အနည်းဆုံးဖြစ်ပါသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာ ဖူလုံမှု

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ---------------<br>အစာလျှော့စား = ---------------<br>အထောက်အပံ့ယူ = ---------------<br>ချေးယူ = ---------------<br>လုပ်အားခကြိုယူ = --------------- |
| ၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ---------------<br>အစာလျှော့စား = ---------------<br>အထောက်အပံ့ယူ = ---------------<br>ချေးယူ = ---------------<br>လုပ်အားခကြိုယူ = --------------- |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| ဖေလမှ၁၂လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ----------------<br>အစာလျှော့စား = ----------------<br>အထောက်အပံ့ယူ = ----------------<br>ချေးယူ = ----------------<br>လုပ်အားခကြိုယူ = ---------------- |

ရင်းမြစ်..ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၁၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် -

## (င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖ၆၄နှစ်နှင့်အထက် | | ၃ | ၃ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ရွာတန်းရှည်ကျေးရွာတွင်မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုမ(၃)ဦးရှိပါသည်။(၁)ဦးမှာမျက်စိမမြင်ဘဲသူ၏ မြေးမလေးနှင့်အတူနေထိုင်လျှက်ရှိသည်။ ကျန်(၂)ယောက်မှာတစ်ကိုယ်ထဲသမားများဖြစ်၍ကိုယ့်ဝမ်းစာကိုယ်ရှာစားနေရသူများဖြစ်ပါသည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

**ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | မြင့် ☐ လတ်☑ နိမ့်☐ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ်ရှားပါးမှု (မြေါစိုက်ပျိုးရေ) | မြင့် ☑ လတ်☐ နိမ့်☐ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၄ | မိုးခေါင်ခြင်း | မြင့် ☑ လတ်☐ နိမ့်☐ မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၇ | ငလျင် | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၈ | မီးဘေး | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၁၀ | မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၁၅ | ပြည်တွင်းပဋိပက္ခ | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၁၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည် | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |

ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ရွာတန်းရှည်ကျေးရွာတွင်စားနပ်ရိက္ခာဖူလုံမှုအနေဖြင့်အသင့်အတင့်သာရှိသဖြင့် ကျေးရွာသူ/သားများ ထိခိုက်သက်ရောက်နိုင်မှုရှိနိုင်ပါသည်။ သဘာဝရင်းမြစ်ရှားပါးမှု မိုးခေါင်မှု မြင့်မားခြင်းကြောင့်လည်းသီးနှံအထွက်နည်းခြင်းဆုံးရှုံးခြင်းဒဏ်ကိုခံစားရပါသည်။

## (င–၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

### ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☑ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |

| စဉ် | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၃ | မြေယာမဲ့၊ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၅ | မြစ်ကမ်းဘေးနေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင်နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၂ | ဒေသတွင်းပဋိပက္ခဇရိယာတွင်နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| **၁၅** | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
